# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် (၆၁၅/၂၀၁၅)
(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

## အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ

၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ်(၆၁၅/၂၀၁၅)**

**၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်**
**(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပူးတွဲပါ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (National Environmental Quality (Emission) Guidelines) ကို ထုတ်ပြန်ကြေညာလိုက်သည်။

(ပုံ) ဝင်းထွန်း
ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

# အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ

၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **အခန်း (၁) အထွေထွေပြဋ္ဌာန်းချက်များ** | | ၁ |
| ရည်ရွယ်ချက် | | ၁ |
| အဓိပ္ပာယ်ဖော်ပြချက်များ | | ၁ |
| အသုံးပြုမှုနယ်ပယ် | | ၂ |
| **အခန်း (၂) အကောင်အထည်ဖော်မှု နည်းလမ်းများ** | | ၅ |
| **နောက်ဆက်တွဲ (က) ထုတ်လွှတ်မှု လမ်းညွှန်ချက်များ (Emission Guidelines)** | | ၇ |
| **၁** | **အထွေထွေလမ်းညွှန်ချက်များ (General Guidelines)** | ၇ |
| ၁.၁ | ထုတ်လွှတ်အခိုးအငွေ့ (Air Emissions) | ၇ |
| ၁.၂ | စွန့်ပစ်ရေ (Wastewater) | ၉ |
| ၁.၃ | ဆူညံသံ (Noise) | ၁၂ |
| ၁.၄ | အနံ့ (Odor) | ၁၃ |
| **၂** | **လုပ်ငန်းကဏ္ဍအလိုက် လမ်းညွှန်ချက်များ (Industrial-specific Guidelines)** | ၁၄ |
| **၂.၁** | **စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု (Engergy Sector Development)** | ၁၄ |
| ၂.၁.၁ | အပူငွေ့သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း (Thermal Power) | ၁၄ |
| ၂.၁.၂ | ဘူမိအပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း (Geothermal Power) | ၁၆ |
| ၂.၁.၃ | လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း (Wind Power) | ၁၈ |
| ၂.၁.၄ | ကုန်းတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်းလုပ်ငန်း (Onshore Oil and Gas) | ၁၉ |
| ၂.၁.၅ | ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ခြင်းလုပ်ငန်း (Offshore Oil and Gas) | ၂၂ |
| ၂.၁.၆ | ရေနံချက်စက်ရုံလုပ်ငန်း (Petroleum Refining) | ၂၅ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၂.၁.၇ | သဘာဝဓာတ်ငွေ့ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း (Natural Gas Processing) | ၂၇ |
| ၂.၁.၈ | သဘာဝဓာတ်ငွေ့ရည် ထုတ်လုပ်ခြင်းလုပ်ငန်း (Natural Gas Liquefaction) | ၂၈ |
| ၂.၁.၉ | ရေနံစိမ်းနှင့် ရေနံထုတ်ကုန် သယ်ပို့သိုလှောင်စခန်းလုပ်ငန်း (Crude Oil and Petroleum Product Terminals) | ၃၀ |
| ၂.၁.၁၀ | လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း (Electric Power Transmission and Distribution) | ၃၁ |
| ၂.၁.၁၁ | သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးခြင်းလုပ်ငန်း (Gas Distribution System) | ၃၂ |
| ၂.၁.၁၂ | စက်သုံးဆီ အရောင်းဆိုင်လုပ်ငန်း (Retail Petroleum Networks) | ၃၃ |
| ၂.၁.၁၃ | ရေနံအခြေပြု အော်ဂဲနစ်ဓာတုပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း (Petroleum-based Organic Chemicals Manufacturing) | ၃၄ |
| **၂.၂** | **လယ်ယာစိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေးနှင့် သစ်တောလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး (Agriculture, Livestock and Forestry Development)** | ၃၆ |
| ၂.၂.၁ | စီးပွားဖြစ် စိုက်ပျိုးခြင်း/သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်း (Plantation Industrial / Crop Production) | ၃၆ |
| ၂.၂.၂ | ရာသီသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်း (Annual Crop Production) | ၃၇ |
| ၂.၂.၃ | နို့တိုက်တိရစ္ဆာန် မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း (Mammalian Livestock Production) | ၃၈ |
| ၂.၂.၄ | ကြက်၊ ဘဲနှင့် အခြားစီးပွားဖြစ်ငှက် မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း (Poultry Production) | ၃၉ |
| ၂.၂.၅ | ရေထွက်ကုန်လုပ်ငန်း (Aquaculture) | ၄၀ |
| ၂.၂.၆ | သစ်တော ပြုစုခုတ်လှဲခြင်းလုပ်ငန်း (Forest Harvesting Operations) | ၄၁ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


| ၂.၃ | **ကုန်ထုတ်လုပ်မှု (Manufacturing)** | ၄၂ |
|---|---|---|
| ၂.၃.၁ | အစားအစာနှင့် အဖျော်ယမကာ ထုတ်လုပ်ခြင်း (Food and Beverages Manufacturing) | ၄၂ |
| ၂.၃.၁.၁ | အသားထုတ်လုပ်ခြင်းလုပ်ငန်း (Meat Processing) | ၄၂ |
| ၂.၃.၁.၂ | ကြက်/ဘဲ အသားထုတ်လုပ်ခြင်းလုပ်ငန်း (Poultry Processing) | ၄၃ |
| ၂.၃.၁.၃ | ငါးထုတ်လုပ်ခြင်းလုပ်ငန်း (Fish Processing) | ၄၄ |
| ၂.၃.၁.၄ | အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ခြင်းလုပ်ငန်း (Food and Beverage Processing) | ၄၅ |
| ၂.၃.၁.၅ | နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း (Dairy Processing) | ၄၆ |
| ၂.၃.၁.၆ | အသီးအရွက်မှ စားသုံးဆီ ထုတ်လုပ်ခြင်းလုပ်ငန်း (Vegetable Oil Production and Processing) | ၄၇ |
| ၂.၃.၁.၇ | သကြားထုတ်လုပ်ခြင်းလုပ်ငန်း (Sugar Manufacturing) | ၄၉ |
| ၂.၃.၁.၈ | ဘီယာနှင့် အရက်ချက်လုပ်ငန်း (Breweries and Distilleries) | ၅၀ |
| ၂.၃.၂ | အဝတ်အထည်၊ ချည်ထည်နှင့် သားရေထည်လုပ်ငန်း (Garments, Textile and Leather Products) | ၅၁ |
| ၂.၃.၂.၁ | ချည်မျှင်နှင့်အထည် ထုတ်လုပ်ခြင်းလုပ်ငန်း (Textiles Manufacturing) | ၅၁ |
| ၂.၃.၂.၂ | သားရေနယ်စက်ရုံလုပ်ငန်း (Tanning and Leather Finishing) | ၅၃ |
| ၂.၃.၃ | သစ်အခြေခံပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း (Wood Manufacturing) | ၅၅ |
| ၂.၃.၃.၁ | သစ်စက် နှင့် သစ်အချောထည်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း (Sawmilling and Manufactured Wood Products) | ၅၅ |
| ၂.၃.၃.၂ | သစ်သားပြားနှင့် သစ်အပိုင်းအစအခြေခံ ထုတ်ကုန်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း (Board and Particle-based Products) | ၅၆ |
| ၂.၃.၃.၃ | ပျော့ဖတ်နှင့် စက္ကူထုတ်လုပ်ခြင်းလုပ်ငန်း (Pulp and Paper Mills) | ၅၈ |
| ၂.၃.၃.၄ | ပုံနှိပ်လုပ်ငန်း (Printing) | ၆၃ |

| | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂.၃.၄ | ဓာတုပစ္စည်းထုတ်လုပ်ခြင်း (Chemicals Manufacturing) | ၆၅ |
| ၂.၃.၄.၁ | အော်ဂဲနစ်မဟုတ်သော ဓာတုပစ္စည်းပမာဏ အမြောက်အမြား ထုတ်လုပ်ခြင်းနှင့် ကတ္တရာစေးထုတ်လုပ်ခြင်းလုပ်ငန်း (Large Volume Inorganic Compounds Manufacturing and Coal Tar Distillation) | ၆၅ |
| ၂.၃.၄.၂ | ရေနံအခြေပြု ပေါ်လီမာ ထုတ်လုပ်ခြင်းလုပ်ငန်း (Petroleum-based Polymers Manufacturing) | ၆၉ |
| ၂.၃.၄.၃ | ကျောက်မီးသွေး ပြုပြင်သန့်စင် ထုတ်လုပ်ခြင်းလုပ်ငန်း (Coal Processing) | ၇၁ |
| ၂.၃.၄.၄ | နိုက်ထရိုဂျင်ပါဝင်သော ဓာတ်မြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်း (Nitrogenous Fertilizer Production) | ၇၃ |
| ၂.၃.၄.၅ | ဖော့စ်ဖိတ်ဓာတ်မြေဩဇာ ထုတ်လုပ်ခြင်းလုပ်ငန်း (Phosphate Fertilizer Manufacturing) | ၇၅ |
| ၂.၃.၄.၆ | ပိုးသတ်ဆေးအမျိုးမျိုး ထုတ်လုပ်ခြင်း၊ ဖော်စပ်ခြင်းနှင့် ထည့်သွင်း ထုပ်ပိုးခြင်းလုပ်ငန်း (Pesticides Formulation, Manufacturing and Packaging) | ၇၆ |
| ၂.၃.၄.၇ | အိုလီယိုဓာတုပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း (Oleochemicals Manufacturing) | ၇၈ |
| ၂.၃.၄.၈ | ဆေးဝါးဖော်စပ်ခြင်းနှင့်ဇီဝနည်းပညာဆိုင်ရာလုပ်ငန်း (Pharmaceuticals and Biotechnology Manufacturing) | ၇၈ |
| ၂.၃.၅ | ဖန်ထည်နှင့် ကြွေထည်မြေထည် ထုတ်လုပ်ခြင်း (Manufacture of Glass and Ceramics) | ၈၂ |
| ၂.၃.၅.၁ | မှန်၊ ဖန်မျှင်နှင့် Mineral Fibre ထုတ်လုပ်ခြင်းလုပ်ငန်း (Glass, and Glass and Mineral Fibre Manufacturing) | ၈၂ |
| ၂.၃.၅.၂ | ကြွေထည် မြေထည်၊ ကြွေပြားနှင့် သန့်ရှင်းရေးသုံးပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း (Ceramic Tile and Sanitary Ware Manufacturing) | ၈၃ |

| | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂.၃.၆ | ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း ထုတ်လုပ်ခြင်း (Manufacture of Construction Materials) | ၈၅ |
| ၂.၃.၆.၁ | ဘိလပ်မြေနှင့် ထုံးထုတ်လုပ်ခြင်းလုပ်ငန်း (Cement and Lime Manufacturing) | ၈၅ |
| ၂.၃.၇ | သတ္တု၊ စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများထုတ်လုပ်ခြင်း (Metal, Machinery and Electronics) | ၈၇ |
| ၂.၃.၇.၁ | အခြေခံသတ္တုအရည်ကျိုခြင်းနှင့် သန့်စင်ခြင်းလုပ်ငန်း (Base Metal Smelting and Refining) | ၈၇ |
| ၂.၃.၇.၂ | သံမဏိစက်ရုံလုပ်ငန်း (Integrated Steel Mills) | ၈၉ |
| ၂.၃.၇.၃ | သတ္တုအရည်ကျိုပုံလောင်းခြင်းလုပ်ငန်း (Foundries) | ၉၁ |
| ၂.၃.၇.၄ | သတ္တု၊ ပလတ်စတစ်နှင့် ရာဘာထုတ်ကုန်လုပ်ငန်း (Metal, Plastic and Rubber Products Manufacturing) | ၉၄ |
| ၂.၃.၇.၅ | တစ်ပိုင်းလျှပ်ကူးပစ္စည်းနှင့် အခြားအီလက်ထရောနစ်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း (Semiconductors and Other Electronics Manufacturing) | ၉၇ |
| **၂.၄** | **စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု (Waste Management)** | ၉၉ |
| ၂.၄.၁ | အစိုင်အခဲစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုလုပ်ငန်း (Solid Waste Management Facilities) | ၉၉ |
| ၂.၄.၂ | စွန့်ပစ်ရေ သန့်စင်မှုလုပ်ငန်း (Wastewater Treatment Facilities) | ၁၀၁ |
| **၂.၅** | **ရေဖြန့်ဝေခြင်း (Water Supply)** | ၁၀၄ |
| ၂.၅.၁ | သောက်သုံးရေ သန့်စင်မှုလုပ်ငန်း (Potable Water Treatment Facilities) | ၁၀၄ |
| **၂.၆** | **အခြေခံ အဆောက်အအုံနှင့် ဝန်ဆောင်မှုဆိုင်ရာဖွံ့ဖြိုး တိုးတက်မှု (Infrastructure and Service Development)** | ၁၀၄ |
| ၂.၆.၁ | သင်္ဘောသွားလာရေးလုပ်ငန်း (Shipping) | ၁၀၄ |

| | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂.၆.၂ | သင်္ဘောဆိပ်၊ ဆိပ်ကမ်းနှင့် ဆိပ်ခံတံတားလုပ်ငန်း (Ports, Harbors and Terminals) | ၁၀၅ |
| ၂.၆.၃ | ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း (Health Care Facilities) | ၁၀၆ |
| ၂.၆.၄ | ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း (Tourism and Hospitality Development) | ၁၀၈ |
| ၂.၆.၅ | ရထားပို့ဆောင်ရေးလုပ်ငန်း (Railways) | ၁၀၉ |
| ၂.၆.၆ | လေဆိပ်လုပ်ငန်း (Airports) | ၁၁၀ |
| ၂.၆.၇ | လေကြောင်းလိုင်းလုပ်ငန်း (Airlines) | ၁၁၁ |
| ၂.၆.၈ | လမ်းဖောက်လုပ်ခြင်းလုပ်ငန်း (Roads) | ၁၁၄ |
| **၂.၇** | **သတ္တုတူးဖော်ထုတ်လုပ်ခြင်း (Mining)** | ၁၁၅ |
| ၂.၇.၁ | ဆောက်လုပ်ရေးပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း (Construction Materials Extraction) | ၁၁၅ |
| ၂.၇.၂ | သတ္တုရိုင်းနှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း (Ore and Mineral Extraction) | ၁၁၆ |
| | **ယူနစ်ဇယား (Unit Table)** | ၁၁၈ |

# အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ

## အခန်း (၁)

## အထွေထွေပြဋ္ဌာန်းချက်များ

**ရည်ရွယ်ချက်**

၁။ ဤအမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (ဤနေရာမှစ၍ လမ်းညွှန်ချက်များဟု ရည်ညွှန်းသည်) သည် လူသားတို့၏ ကျန်းမာရေးနှင့် ဂေဟစနစ် ကောင်းမွန်ရေးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ညစ်ညမ်းမှုမဖြစ်စေရန် အလို့ငှာ နေရာအသီးသီး၏ ဆူညံသံနှင့်တုန်ခါမှု၊ အခိုးအငွေ့ထုတ်လွှတ်မှုနှင့် အရည်စွန့်ထုတ်မှုများ ထိန်းချုပ်ရေးအတွက် အခြေခံစည်းမျဉ်းအဖြစ် သတ်မှတ်ပြဋ္ဌာန်းခြင်း ဖြစ်သည်။

**အဓိပ္ပာယ်ဖော်ပြချက်များ**

၂။ ဤလမ်းညွှန်ချက်များတွင် ပါရှိသော စကားရပ်များသည် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (Environmental Impact Assessment Procedure- EIA Procedure) တွင် ပါရှိသော အဓိပ္ပာယ်အတိုင်း ဖြစ်သည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်သည်-

(က) **ထိတွေ့ဝန်းကျင် (Ambient) ဆိုင်ရာ ပတ်ဝန်းကျင်လမ်းညွှန်ချက် သို့မဟုတ် စံချိန်စံညွှန်း** ဆိုသည်မှာ ပတ်ဝန်းကျင် သို့မဟုတ် လူသားတို့၏ ကျန်းမာရေးအပေါ် သက်ရောက်နိုင်ဖွယ်ရှိသော ဆိုးကျိုးများမှ ကာကွယ်ရန် ပြဋ္ဌာန်းထားသည့် ရေထု သို့မဟုတ် လေထုထဲတွင် ညစ်ညမ်းမှုကို ဖြစ်ပေါ်လာစေနိုင်သော ဒြပ်ပစ္စည်းတို့၏ လက်ခံနိုင်သော သိပ်သည်းပါဝင်မှုပမာဏကို ဆိုသည်။

(ခ) **သိပ်သည်းပါဝင်မှုပမာဏ (Concentration)** ဆိုသည်မှာ လေ သို့မဟုတ် ရေထဲတွင် အများသုံး တိုင်းတာသည့် ယူနစ်အရ အတိုင်းအတာ ဒြပ်ထု သို့မဟုတ် ထုထည်ဖြင့် ဖော်ပြထားသည့် ဇီဝ၊ ဓာတု၊ ရူပ သို့မဟုတ် ရောဂါဆိုင်ရာ ဒြပ်ပစ္စည်းများ၏ ပါဝင်မှုပမာဏကို ဆိုသည်။ (ဥပမာ - မီလီဂရမ်/ လီတာ (mg/l))

(ဂ) **ညစ်ညမ်းမှုကို ဖြစ်စေသည့်အရာ (Contaminant)** ဆိုသည်မှာ ပတ်ဝန်းကျင် သို့မဟုတ် လူသားတို့၏ ကျန်းမာရေးအပေါ် ဘေးအန္တရာယ် ဖြစ်စေနိုင်သည့် ဇီဝ၊

ဓာတု၊ ရူပ သို့မဟုတ် ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် မည်သည့်ဒြပ်ပစ္စည်းကိုမဆို ဆိုသည်။

(ဃ) **စွန့်ထုတ်အရည် (Effluent)** ဆိုသည်မှာ သန့်စင်စက်ရုံ၊ မိလ္လာပိုက်နှင့် စက်ရုံမှ သန့်စင်ပြီး သို့မဟုတ် သန့်စင်မှုမပြုလုပ်ဘဲ မြေပေါ်ရေသို့ စွန့်ထုတ်လိုက်သော စွန့်ပစ်ရေကို ဆိုသည်။

(င) **လမ်းညွှန်တန်ဖိုး (Guideline Values)** ဆိုသည်မှာ ထုတ်လွှတ်လိုက်သော အခိုးအငွေ့နှင့် စွန့်ထုတ်သောအရည်တို့အတွက် ပါရာမီတာ (Parameter) များ၏ အမြင့်ဆုံးသိပ်သည်းပါဝင်မှုပမာဏ (Maximum Concentrations) သို့မဟုတ် ကန့်သတ်ထားသော အပိုင်းအခြား (Specified Ranges) ကို မကျော်လွန်သည့်တန်ဖိုးကို ဆိုသည်။

(စ) **ပါရာမီတာ (Parameter)** ဆိုသည်မှာ လမ်းညွှန်ချက် သို့မဟုတ် စံချိန်စံညွှန်းများအပေါ်မူတည်၍ အဆင့်သတ်မှတ်ချက် (Level) နှင့် သိပ်သည်းပါဝင်မှုပမာဏ (Concentration) (ဇီဝအညစ်အကြေးနှင့်ပတ်သက်လျှင် ဦးရေသိပ်သည်းမှုပမာဏ) ကို တိုင်းတာသည့် အညွှန်းကိန်းများကို ဆိုသည်။ တိုင်းတာမှုရလဒ်ကို ကိန်းဂဏန်း သို့မဟုတ် စာသားဖြင့် ဖော်ပြနိုင်သည်။

(ဆ) **လိုက်နာမှတ် (Point of Compliance)** ဆိုသည်မှာ မြေပေါ် သို့မဟုတ် ရေတွင်ရှိသည့်နေရာ (Location) ကို ဆိုသည်။ ၎င်းနေရာတွင် သတ်မှတ်ထားသော ဒြပ်ပစ္စည်းများ၏ သိပ်သည်းပါဝင်မှုပမာဏသည် လိုက်နာရမည့် လမ်းညွှန်တန်ဖိုးနှင့် ကိုက်ညီရမည်။

(ဇ) **ညစ်ညမ်းမှုကာကွယ်ခြင်း (Pollution Prevention)** ဆိုသည်မှာ ညစ်ညမ်းစေသော အရာများနှင့် စွန့်ပစ်ပစ္စည်းများ ဖြစ်ပေါ်စေခြင်းကို ရှောင်လွှဲနိုင်ရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန်နှင့် ပတ်ဝန်းကျင် သို့မဟုတ် လူသားတို့၏ ကျန်းမာရေးအပေါ် ကျရောက်လာမည့် ဘေးအန္တရာယ်အလုံးစုံကို လျော့နည်းစေရန်အလို့ငှာ လုပ်ငန်းစဉ်များ၊ အလေ့အကျင့်များ၊ ပစ္စည်းများ၊ ထုတ်ကုန်များ၊ ဒြပ်ပစ္စည်းများ သို့မဟုတ် စွမ်းအင်များအား အသုံးပြုခြင်းကို ဆိုသည်။

**အသုံးပြုမှုနယ်ပယ်**

၃။ ဤလမ်းညွှန်ချက်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသုံးပြုရန် လုပ်ငန်းကဏ္ဍအလိုက် ညစ်ညမ်းမှုကာကွယ်ရေး နိုင်ငံတကာ အလေ့အကျင့်ကောင်းများဆိုင်ရာ နည်းပညာ လမ်းညွှန်

ပေးသည့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (International Finance Corporation - IFC) ၏ ပတ်ဝန်းကျင်ဆိုင်ရာကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး (Environmental Health and Safety - EHS) လမ်းညွှန်ချက်များမှ အဓိကကောက်နုတ်ထားသည်။ ဤလမ်းညွှန်ချက်များသည် သင့်တင့်မျှတသော ကုန်ကျစရိတ်ရှိသည့် လက်ရှိနည်းပညာများဖြင့် လုပ်ငန်းအသစ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ထည့်သွင်းစဉ်းစားထားသည်။ လက်ရှိလုပ်ငန်းများအတွက် ဤလမ်းညွှန်ချက်များကို သင့်လျော်သော အချိန်ဇယားအတွင်း အကောင်အထည်ဖော်နိုင်မည့် နေရာဒေသအလိုက် သတ်မှတ်ချက်များဖြင့် အသုံးပြုနိုင်သည်။

၄။ သီးခြားရည်ညွှန်းချက် မရှိခဲ့လျှင် ဤလမ်းညွှန်ချက်များသည် ထုတ်လွှတ်မှုဇာစ်မြစ် (Emission Source) ကို ရည်ညွှန်းခြင်းဖြစ်ပြီး ညစ်ညမ်းပစ္စည်း၏ သိပ်သည်းပါဝင်မှုပမာဏသည် ထိတွေ့ဝန်းကျင်ဆိုင်ရာ လမ်းညွှန်ချက်များနှင့် စံချိန်စံညွှန်းအား မကျော်လွန်စေခြင်းဖြင့် ပတ်ဝန်းကျင်အရည်အသွေးနှင့် လူသားတို့၏ကျန်းမာရေးထိခိုက်စေခြင်းမှ ကာကွယ်ရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ရည်ရွယ်သည်။ ဆူညံသံပြုလုပ်မှု သို့မဟုတ် အခိုးအငွေ့ထုတ်လွှတ်မှု နှင့်/သို့မဟုတ် ပတ်ဝန်းကျင်သို့ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ စွန့်ပစ်ရေနှင့် ညစ်ညမ်းရေ သို့မဟုတ် စီးဆင်းရေ (Storm Water) တို့ကို စွန့်ထုတ်သည့်လုပ်ငန်းစီမံကိန်းများတွင် ဤလမ်းညွှန်ချက်များကို အသုံးပြုသည်။

၅။ ဤလမ်းညွှန်ချက်များ၏ နောက်ဆက်တွဲ (က) ပါ ထုတ်လွှတ်မှုဆိုင်ရာ လမ်းညွှန်ချက်များတွင် အထွေထွေလမ်းညွှန်ချက်များနှင့် လုပ်ငန်းကဏ္ဍအလိုက် လမ်းညွှန်ချက်များ ပါဝင်သည်။ အဆိုပါလမ်းညွှန်ချက်များသည် ညစ်ညမ်းမှုကို ထိန်းချုပ်ရန်နှင့် ပတ်ဝန်းကျင်ကို ကာကွယ်ရန် အလို့ငှာ ဝန်ကြီးဌာနက ထုတ်ပြန်ထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်ဆက်နွယ်လျက်ရှိသော လုပ်ငန်းစီမံကိန်းတိုင်းကို အကျိုးသက်ရောက်စေရမည်။ ဤလမ်းညွှန်ချက်များသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၏ နောက်ဆက်တွဲ (က) ပါ "ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းစီမံကိန်းအမျိုးအစားနှင့်အရွယ်အစား သတ်မှတ်ချက်များ" အောက်ရှိ လုပ်ငန်းစီမံကိန်းအမျိုးအစားအားလုံးအတွက် တိကျသော အကျိုးသက်ရောက်မှုရှိစေရမည်။

၆။ ဤလမ်းညွှန်ချက်များပါ ပြဋ္ဌာန်းချက်များသည် လုပ်ငန်းစီမံကိန်း၏ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan - EMP) နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) တို့ကို အကျိုးသက်ရောက်စေမည် ဖြစ်သည်။ အဆိုပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တို့တွင် လုပ်ငန်းစီမံကိန်းမှ ညစ်ညမ်းမှု ဖြစ်ပေါ်ခြင်းကို လျော့နည်းစေခြင်းအားဖြင့် ပတ်ဝန်းကျင်နှင့်လူသားတို့၏

ကျန်းမာရေး နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အပေါ် ဆိုးကျိုးသက်ရောက်မှုအား ရှောင်ကြဉ်ရန်၊ အနည်းဆုံး ဖြစ်စေရန်နှင့် ထိန်းချုပ်ရန် အတွက်လည်းကောင်း၊ ပြန်လည်သန့်စင်ရန် လိုအပ်သည့် စွန့်ပစ်ပစ္စည်း ထုတ်လုပ်မှုကို အနည်းဆုံးဖြစ်စေခြင်းအပါအဝင် စက်မှုလုပ်ငန်းစဉ်များကို လိုအပ်သည့် ပြုပြင် ပြောင်းလဲမှု ပြုလုပ်ရန်အတွက်လည်းကောင်း၊ လိုအပ်ပါက ပြန်လည်သန့်စင်မှု နည်းပညာများ အသုံးပြုပြီး ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့်အရာတို့၏ ပမာဏကို မစွန့်ထုတ်မီ သို့မဟုတ် မထုတ်လွှတ်မီ လျှော့ချရန်အတွက်လည်းကောင်း လုပ်ငန်းစီမံကိန်းတစ်ခု၏ ကတိကဝတ်အဖြစ် ဆောင်ရွက်ရန် ပါဝင်သည်။

၇။ ဤလမ်းညွှန်ချက်များသည် ပတ်ဝန်းကျင်သို့ အညစ်အကြေးထု ထုတ်လွှတ်မှုလျှော့ချခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်ရန်ရည်ရွယ်ထားသည့်အတွက် ထုတ်လွှတ်အခိုးအငွေ့နှင့် စွန့်ထုတ်အရည်တို့ကို စွန့်ထုတ်ရာတွင် ရောနှောခြင်းဖြင့် အားပျော့စေသည့်နည်း (Dilution) ကို ခွင့်မပြုပါ။ လုပ်ငန်းစီမံကိန်းတစ်ခုအနေဖြင့် အမှန်တကယ်လည်ပတ်ချိန်၏ အနည်းဆုံး ၉၅ ရာခိုင်နှုန်း ကို တစ်နှစ်ပတ်လုံး လည်ပတ်ချိန်၏ အချိုးအစားတစ်ခုအဖြစ် ထည့်သွင်းတွက်ချက်ပြီး အားပျော့ စေသည့်နည်းကို အသုံးမပြုဘဲ သတ်မှတ်လမ်းညွှန်တန်ဖိုးကို ရရှိစေရမည်။

၈။ လုပ်ငန်းစီမံကိန်းများအနေဖြင့် နောက်ဆက်တွဲ (က) တွင် သတ်မှတ်ထားသော လမ်းညွှန် တန်ဖိုးများကို ရရှိစေနိုင်မည့် နည်းလမ်းများဆိုင်ရာ အကြံဉာဏ်များအတွက် သက်ဆိုင်ရာ စက်မှု လုပ်ငန်းအလိုက် သတ်မှတ်ထားသော အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း၏ ပတ်ဝန်းကျင် ဆိုင်ရာကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး လမ်းညွှန်ချက်များကိုလည်း ကိုးကားအသုံးပြု နိုင်သည်။

## အခန်း (၂)

## အကောင်အထည်ဖော်မှု နည်းလမ်းများ

၉။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း လုပ်ငန်းစီမံကိန်းအားလုံးသည် အမျိုးသားအဆင့် လမ်းညွှန်ချက်များ သို့မဟုတ် စံချိန်စံညွှန်းများ သို့မဟုတ် ဝန်ကြီးဌာနက လက်ခံထားသော နိုင်ငံတကာစံချိန်စံညွှန်းများကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်။ ဤလမ်းညွှန်ချက်များကို ပြင်ဆင်မွမ်းမံခြင်း မပြုမီ သို့မဟုတ် အခြား လမ်းညွှန်ချက်များ/စံချိန်စံညွှန်းများကို သတ်မှတ်ပြဋ္ဌာန်းခြင်းမပြုမီ လိုအပ်သည်အထိ ဝန်ကြီးဌာနက လက်ခံကျင့်သုံးမည်။

၁၀။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း လုပ်ငန်းစီမံကိန်း အတည်ပြုချက်ရရှိပြီးနောက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါ ဖော်ပြချက်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ ထုတ်လွှတ်မှုဆိုင်ရာ ဖြည့်စွက်သတ်မှတ်သည့် လိုအပ်ချက်များအတိုင်း လုပ်ငန်းစီမံကိန်းကို တိတိကျကျ စတင်အကောင်အထည်ဖော်ရမည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသည် နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသည့် အထွေထွေလမ်းညွှန်ချက်များနှင့် လုပ်ငန်းကဏ္ဍအလိုက် လမ်းညွှန်ချက်များကို လုပ်ငန်းစီမံကိန်းများအား လိုက်နာဆောင်ရွက်စေရမည်။

၁၁။ ဤလမ်းညွှန်ချက်များသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို လိုက်နာသော လုပ်ငန်းစီမံကိန်းအားလုံးအပေါ် ယေဘုယျအားဖြင့် အကျိုးသက်ရောက်မှုရှိသော်လည်း ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် ညွှန်းဆိုထားသော လက်ရှိစီမံကိန်းများအား စီမံကိန်းအသစ်များနှင့်မတူကွဲပြားစွာ ဤလမ်းညွှန်ချက်များကို မည်သို့ လိုက်နာသင့်သည်ကို ဆုံးဖြတ်ရန်မှာ ဝန်ကြီးဌာန၏ လုပ်ဆောင်ပိုင်ခွင့် ဖြစ်သည်။ ဝန်ကြီးဌာနသည် ဤလမ်းညွှန်ချက်များတွင် ချမှတ်ထားသည်ထက် ပိုမိုလျှော့ပေါ့သောအဆင့်များ သို့မဟုတ် သတ်မှတ်ချက်များကို သင့်လျော်သလို ပြင်ဆင်ပိုင်ခွင့် ရှိသည်။ ထို့အပြင် စီမံကိန်းတစ်ခုအနေဖြင့် ၎င်းလမ်းညွှန်ချက်များနှင့် အပြည့်အဝ ကိုက်ညီနိုင်မည့် အချိန်ကာလတစ်ခုကို သတ်မှတ်ပိုင်ခွင့် ရှိသည်။

၁၂။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း လုပ်ငန်းစီမံကိန်းများသည် ဆက်လက်၍ စဉ်ဆက်မပြတ် တက်ကြွစွာ ဘက်စုံထောင့်စုံမှ ကိုယ်တိုင်စောင့်ကြပ်ကြည့်ရှုစစ်ဆေးပြီး လမ်းညွှန်ချက်များနှင့်စံချိန်စံညွှန်းများကို လိုက်နာ

ဆောင်ရွက်ရမည်။ ဤလမ်းညွှန်ချက်များ၏ ရည်ရွယ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် လုပ်ငန်းစီမံကိန်း၏ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ သတ်မှတ်ချက်များအတိုင်း အထွေထွေလမ်းညွှန်ချက်နှင့် လုပ်ငန်းကဏ္ဍအလိုက်လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်မှုအပေါ် လုပ်ငန်းစီမံကိန်းများက ကိုယ်တိုင်စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန် တာဝန်ရှိသည်။

၁၃။ လုပ်ငန်းစီမံကိန်း၏ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း လိုက်နာမှတ်များ (Points of Compliance) တွင် ထုတ်လွှတ်အခိုးအငွေ့၊ ဆူညံသံ၊ အနံ့နှင့် အရည်/စွန့်ထုတ်အရည်တို့အား နမူနာရယူခြင်းနှင့် တိုင်းတာခြင်းများ ဆောင်ရွက်ရမည်။

နောက်ဆက်တွဲ (က)

# ထုတ်လွှတ်မှုလမ်းညွှန်ချက်များ (Emission Guidelines)

## ၁ အထွေထွေလမ်းညွှန်ချက်များ (General Guidelines)

### ၁.၁ ထုတ်လွှတ်အခိုးအငွေ့ (Air Emissions)

အခိုးအငွေ့ထုတ်လွှတ်မှု များပြားပြီး ထိတွေ့ဝန်းကျင်၏ လေထုအရည်အသွေးပေါ်တွင် သိသာထင်ရှားသော အကျိုးသက်ရောက်ရန် အလားအလာရှိသည့် လုပ်ငန်းစီမံကိန်းများအနေဖြင့်-

(က) လုပ်ငန်းစီမံကိန်းများမှ ထုတ်လွှတ်အခိုးအငွေ့ သိပ်သည်းပါဝင်မှုပမာဏသည် ချမှတ်ထားသည့် အမျိုးသား ထိတွေ့ဝန်းကျင် အရည်အသွေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် စံချိန်စံညွှန်းများ သို့မဟုတ် ၎င်းအမျိုးသား စံချိန်စံညွှန်းတို့ မရှိခဲ့လျှင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အောက်ဖော်ပြပါ တည်ဆဲလေထုအရည်အသွေးဆိုင်ရာ လမ်းညွှန်ချက်များ[၁] သတ်မှတ်ထားသည့် သိပ်သည်းပါဝင်မှုပမာဏအဆင့်သို့ ရောက်ရှိခြင်း သို့မဟုတ် ကျော်လွန်ခြင်း မရှိစေရ၊

( ခ ) တူညီသော လေထုဝန်းကျင် (Air Shed) အတွင်း အနာဂတ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်စေရန်အလို့ငှာ စီမံကိန်းလုပ်ငန်းများမှ ထုတ်လွှတ်အခိုးအငွေ့ကြောင့် ဖြစ်ပေါ်လာသောညစ်ညမ်းမှုသည် ထိတွေ့ဝန်းကျင်လေထုအရည်အသွေး လမ်းညွှန်ချက်များ သို့မဟုတ် စံချိန်စံညွှန်းများ၏ သိသာသော အစိတ်အပိုင်းတစ်ခု မဖြစ်စေရ (ဆိုလိုသည်မှာ စံချိန်စံညွှန်း၏ ၂၅ ရာခိုင်နှုန်းအထက် ကျော်လွန်ခြင်း မရှိစေရ)။

အခိုးအငွေ့ထုတ်လွှတ်မှုကို လုပ်ငန်းအလိုက် အလေ့အကျင့်ကောင်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လုပ်ငန်းကဏ္ဍအလိုက် လမ်းညွှန်ချက်များကိုလုပ်ငန်းစီမံကိန်းအားလုံးက လိုက်နာကျင့်သုံးရမည်။

အောက်ပါ ဇယားတွင် ဖော်ပြမထားသော လေထုညစ်ညမ်းမှု ဖြစ်စေသည့်အရာများအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဥရောပဆိုင်ရာ လေထုအရည်အသွေးလမ်းညွှန်မှု[၂]ကို ညွှန်းဆို အသုံးပြုရမည်-

---

[၁] Air quality guidelines global update. 2005. World Health Organization.

[၂] Air quality guidelines for Europe. 1997. WHO regional publications, European series No. 23. World Health Organization.

| Parameter | Averaging Period | Guideline Value μg/m³ |
|---|---|---|
| Nitrogen dioxide | 1-year<br>1-hour | 40<br>200 |
| Ozone | 8-hour daily maximum | 100 |
| Particulate matter $PM_{10}$[a] | 1-year<br>24-hour | 20<br>50 |
| Particulate matter $PM_{2.5}$[b] | 1-year<br>24-hour | 10<br>25 |
| Sulfur dioxide | 24-hour<br>10-minute | 20<br>500 |

[a] Particulate matter 10 micrometers or less in diameter

[b] Particulate matter 2.5 micrometers or less in diameter

အပူဓာတ်အား ၃ မှ ၅၀ မဂ္ဂါဝပ်ရှိသော လျှပ်စစ်၊ စက်၊ ရေနွေးငွေ့၊ အပူ သို့မဟုတ် ၎င်းတို့မှ မည်သည့် ပေါင်းစပ်မှုမျိုးကိုမဆို ပြုလုပ်ပြီး ရရှိသည့်စွမ်းအင် ထုတ်လွှတ်ပေးသည့်စနစ်ကို တည်ဆောက်သည့် လုပ်ငန်းစီမံကိန်းများအတွက် အောက်ဖော်ပြပါ အသေးစားလောင်စာသုံး ဓာတ်အားပေးစက်ရုံ အခိုးအငွေ့ထုတ်လွှတ်မှုလမ်းညွှန်ချက်များ (Small Combustion Facilities Emission Guidelines) ကို လိုက်နာရမည်-

| Combustion Technology / Fuel | Particulate matter $PM_{10}$[a] | Sulfur Dioxide | Nitrogen Oxides |
|---|---|---|---|
| Gas | - | - | 200[b] mg/Nm[3c]<br>400[d] mg/Nm³<br>1,600[e] mg/Nm³ |
| Liquid | 100 | 3% | 1,600-1,850[f] mg/Nm³ |
| Natural gas (3-<15 MW[g]) | - | - | 90[h] mg/Nm³<br>210[i] mg/Nm³ |
| Natural gas (15-<50 MW) | - | - | 50 mg/Nm³ |
| Fuels other than | - | 0.5% sulfur | 200[h] mg/Nm³ |

| | | | |
|---|---|---|---|
| natural gas (3-<15 MW) | | | 310[j] mg/Nm$^3$ |
| Fuels other than natural gas (15-<50 MW) | - | 0.5% sulfur | 150 mg/Nm$^3$ |
| Gas | - | - | 320 mg/Nm$^3$ |
| Liquid | 150 mg/Nm$^3$ | 2,000 mg/Nm$^3$ | 460 mg/Nm$^3$ |
| Solid[j] | 150 mg/Nm$^3$ | 2,000 mg/Nm$^3$ | 650 mg/Nm$^3$ |

[a] Particulate matter 10 micrometers or less in diameter
[b] Spark ignition
[c] Milligrams per normal cubic meter at specified temperature and pressure
[d] dual fuel
[e] compression ignition
[f] Higher value applies if bore size >400 mm
[g] Megawatt
[h] Electric generation;
i mechanical drive
[j] Includes biomass

၅၀ မဂ္ဂါဝပ် အထက်ရှိသော အပူစွမ်းအင် ထုတ်လွှတ်သည့် လုပ်ငန်းများတွင်မူ စာပိုဒ် (၂.၁.၁) - အပူငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း (Thermal Power) ပါ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်စေရမည်။

## ၁.၂ စွန့်ပစ်ရေ (Wastewater)

လုပ်ငန်းစီမံကိန်းများ လုပ်ငန်းလည်ပတ်နေစဉ်ကာလအတွင်း တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ စွန့်ထုတ်လိုက်သော စွန့်ပစ်ရေများအတွက် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် လမ်းညွှန်ချက်များကို လိုက်နာရမည်။ သန့်စင်မှုမပြုဘဲ စွန့်ထုတ်သော မိလ္လာရေပိုက်များ (Domestic Sewers) အတွင်းသို့ စွန့်ထုတ်သည့် လုပ်ငန်းဆိုင်ရာ စွန့်ပစ်ရေများအတွက်လည်း အကျုံးဝင်သည်။ စီမံကိန်း လုပ်ငန်း လည်ပတ်နေစဉ်ကာလအတွင်း စွန့်ပစ်ရေဆိုရာတွင် လုပ်ငန်းစဉ်မှ ထွက်ရှိ စွန့်ပစ်ရေ (Process Wastewater)၊ လုပ်ငန်းလည်ပတ်မှုများမှ ထွက်ရှိသောစွန့်ပစ်ရေ (Wastewater from

Utility Operations)၊ လုပ်ငန်းစဉ်နှင့် သိုလှောင်ကန်ဧရိယာများမှ လျှံတက်စီးဆင်းရေ (Runoff from Process and Storage Areas)၊ ဓာတ်ခွဲခန်းနှင့် စက်ပစ္စည်း ပြင်ဆင်ထိန်းသိမ်းမှု လုပ်ငန်းစဉ်များမှ စွန့်ပစ်ရေတို့ ပါဝင်သည်။ လုပ်ငန်းစဉ် စွန့်ပစ်ရေ၊ မိလ္လာရေ သို့မဟုတ် စီးဆင်းရေ (Storm Water) များ ဖြစ်ပေါ်စေနိုင်သည့် စီမံကိန်းလုပ်ငန်းများသည် ၎င်းတို့မှတစ်ဆင့် ဖြစ်ပေါ်နိုင်သော ပတ်ဝန်းကျင်နှင့်လူသားတို့၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး သို့မဟုတ် ပတ်ဝန်းကျင်တို့အား ထိခိုက်စေမှုများကို ရှောင်ရှားနိုင်ရန်၊ အနည်းဆုံးဖြစ်စေရန်၊ ထိန်းချုပ်နိုင်ရန် အတွက် လိုအပ်သော ကြိုတင်ကာကွယ်မှုများကို ထည့်သွင်းဆောင်ရွက်ရမည်။ စွန့်ပစ်ရေ စွန့်ထုတ်မှုကို လုပ်ငန်းဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် လမ်းညွှန်ချက်များကို လုပ်ငန်းစီမံကိန်း အားလုံးက လိုက်နာကျင့်သုံးရမည်။

လုပ်ငန်းကဏ္ဍအလိုက် လမ်းညွှန်ချက်များတွင် ဖော်ပြထားခြင်း မရှိသော လုပ်ငန်းစီမံကိန်း အမျိုးအစားများသည် လုပ်ငန်းလည်ပတ်စဉ်ကာလအတွင်း အောက်ပါအထွေထွေလမ်းညွှန်တန်ဖိုး များအား လုပ်ငန်းကိစ္စတစ်ခုချင်းအလိုက် ဆီလျော်သလို လိုက်နာရမည်-

**စွန့်ပစ်ရေ၊ စွန့်ထုတ်အရည်၊ မိလ္လာရေနှင့် စီးဆင်းရေ (Wastewater, Effluent, Sanitary Discharges and Storm Water Runoff (General Application))**[၄]

| Parameter | Unit | Guideline Value |
|---|---|---|
| 5-day Biochemical oxygen demand | mg/l | 50 |
| Ammonia | mg/l | 10 |
| Arsenic | mg/l | 0.1 |
| Cadmium | mg/l | 0.1 |
| Chemical oxygen demand | mg/l | 250 |
| Chlorine (total residual) | mg/l | 0.2 |
| Chromium (hexavalent) | mg/l | 0.1 |
| Chromium (total) | mg/l | 0.5 |
| Copper | mg/l | 0.5 |
| Cyanide (free) | mg/l | 0.1 |

[၄] Pollution prevention and abatement handbook. 1998. Toward cleaner production. World Bank Group in collaboration with United Nations Environment Programme and the United Nations Industrial Development Organization.

| | | |
|---|---|---|
| Cyanide (total) | mg/l | 1 |
| Fluoride | mg/l | 20 |
| Heavy metals (total) | mg/l | 10 |
| Iron | mg/l | 3.5 |
| Lead | mg/l | 0.1 |
| Mercury | mg/l | 0.01 |
| Nickel | mg/l | 0.5 |
| Oil and grease | mg/l | 10 |
| pH | S.U.[a] | 6-9 |
| Phenols | mg/l | 0.5 |
| Selenium | mg/l | 0.1 |
| Silver | mg/l | 0.5 |
| Sulfide | mg/l | 1 |
| Temperature increase | °C | <3[b] |
| Total coliform bacteria | 100 ml | 400 |
| Total phosphorus | mg/l | 2 |
| Total suspended solids | mg/l | 50 |
| Zinc | mg/l | 2 |

[a] Standard unit

[b] At the edge of a scientifically established mixing zone which takes into account ambient water quality, receiving water use, potential receptors and assimilative capacity; when the zone is not defined, use 100 meters from the point of discharge

အထွေထွေလမ်းညွှန်ချက်များနှင့် လုပ်ငန်းကဏ္ဍအလိုက် လမ်းညွှန်ချက်များကို စီမံကိန်းလုပ်ငန်းလည်ပတ်နေစဉ်ကာလအတွင်း လိုက်နာရမည့်အပြင် လုပ်ငန်းတည်ဆောက်ရေးကာလအတွင်း နေရာအားလုံးမှ စီးဆင်းရေ (Surface Water Runoff) နှင့် စွန့်ပစ်ရေ စွန့်ထုတ်မှုများအတွက် အောက်ဖော်ပြပါ လမ်းညွှန်တန်ဖိုးများကို လိုက်နာရမည်-

လုပ်ငန်းနေရာမှ စီးဆင်းရေနှင့် စွန့်ပစ်ရေ စွန့်ထုတ်မှု (Site Runoff and Wastewater Discharges (Construction Phase))

| Parameter | Unit | Maximum Concentration |
|---|---|---|
| Biological oxygen demand | mg/l | 30 |
| Chemical oxygen demand | mg/l | 125 |
| Oil and grease | mg/l | 10 |
| pH | S.U.[a] | 6-9 |
| Total coliform bacteria[၉] | 100 ml | 400 |
| Total nitrogen | mg/l | 10 |
| Total phosphorus | mg/l | 2 |
| Total suspended solids | mg/l | 50 |

[a] Standard unit

## ၁.၃ ဆူညံသံ (Noise)

လုပ်ငန်းစီမံကိန်းအားလုံးသည် လုပ်ငန်းလည်ပတ်နေစဉ်ကာလအတွင်း ထွက်ပေါ်သည့် ဆူညံသံသက်ရောက်မှုသည် အမြင့်ဆုံးလက်ခံနိုင်သည့် ဆူညံသံအဆင့် (Noise Level) လမ်းညွှန်သတ်မှတ်ချက်ထက် ကျော်လွန်သည်ဟု တိုင်းတာသိရှိလျှင် သို့မဟုတ် ကျော်လွန်မည်ကို ခန့်မှန်းနိုင်လျှင် ဆူညံသံ တားဆီးကာကွယ်ခြင်းနှင့် လျှော့ချခြင်း ပြုလုပ်ရမည်။ ဆူညံသံ သက်ရောက်မှုသည် အောက်ဖော်ပြပါ ဆူညံမှုအဆင့် သတ်မှတ်ချက်များအား ကျော်လွန်ခြင်း သို့မဟုတ် စီမံကိန်းလုပ်ငန်း၏ အပြင်နေရာတွင်ရှိသော အနီးဆုံးလက်ခံရရှိမည့်နေရာတွင် နောက်ခံဆူညံမှုအဆင့် သတ်မှတ်ချက် ၃ dBA ထက် ကျော်လွန်စေခြင်း မရှိစေရ-

[၉] Coliforms refer to a group of bacteria which are found in the intestines of warm blooded animals and therefore are present in sewage, and on / in soils, surface waters and vegetation. Total coliforms is used as an indicator organism which, although by itself is not considered to cause diseases in man or animals, usually indicates the presence of pathogenic or disease-causing organisms. By measuring the number of total coliforms present in a sample a judgment can be made as to the water's usability for a given purpose.

| Receptor | One Hour LAeq (dBA)[a] | |
|---|---|---|
| | Daytime 07:00 - 22:00 (10:00 - 22:00 for Public holidays) | Nighttime 22:00 - 07:00 (22:00 - 10:00 for Public holidays) |
| Residential, institutional, educational | 55 | 45 |
| Industrial, commercial | 70 | 70 |

[a] Equivalent continuous sound level in decibels

## ၁.၄ အနံ့ (Odor)[၅]

စီမံကိန်းလုပ်ငန်းများသည် ထွက်ရှိသော စုစည်းနှင့် ပျံ့လွင့် (Point and Diffuse) အနံ့ကို လုပ်ငန်းကဏ္ဍအလိုက် လမ်းညွှန်ချက်များတွင် ဖော်ပြထားသော အနံ့ထိန်းချုပ်မှု နည်းပညာများ အသုံးပြုပြီး လျှော့ချထိန်းချုပ်မှု ပြုရမည်။ စုစည်းအနံ့မှာ ခေါင်းတိုင်မှ ထုတ်လွှတ်သည့်အနံ့ဖြစ်ပြီး စွန့်ပစ်ပစ္စည်းလျှော့ချခြင်းနှင့် ပိုမိုသန့်ရှင်းစွာထုတ်လုပ်ရေးဆိုင်ရာစည်းမျဉ်း အသုံးပြုခြင်း သို့မဟုတ် သမားရိုးကျ ထုတ်လွှတ်မှုထိန်းချုပ်ရေးပစ္စည်းကိရိယာ (Conventional Emission Control Equipment) သုံး၍ ထိန်းချုပ်နိုင်သည်။ ဧရိယာ သို့မဟုတ် ထုထည် ရင်းမြစ်မှ ထုတ်လွှတ်သော အနံ့ (ဥပမာ - Intensive Agriculture Activities) သည် ပျံ့လွင့်အနံ့ဖြစ်ပြီး ၎င်းအနံ့ကို ထိန်းချုပ်ရန်မှာ ပိုမိုခက်ခဲသည်။ စီမံကိန်းလုပ်ငန်းများအနေဖြင့် ပတ်ဝန်းကျင်ရှိ လူများ လက်မခံနိုင်သည့် ဆိုးရွားသောအနံ့များ မထွက်ရှိစေရန် ထိန်းချုပ်ဆောင်ရွက်ရမည်။ ယေဘုယျအားဖြင့် စီမံကိန်းလုပ်ငန်းဧရိယာအနားရှိ လူနေထူထပ်သည့် ဧရိယာ အစွန်အဖျားနေရာတွင် အနံ့ယူနစ်[၆]၏

[၅] Industrial odor control. 2002. Environmental guideline No. 9, Danish Environmental Protection Agency, Ministry of Environment

[၆] The detectability of an odor is a sensory property that refers to the minimum concentration that produces an olfactory response or sensation. An odorant unit is defined as the amount of odorant mixtures which distributed in one cubic meter of air results in odor intensities corresponding to a defined threshold value. The odorant unit is therefore defined by a physiologically measured amount of substance. In practice, offensive odor can only be judged by public reaction to the odor, with the nuisance level being as low as

၅ မှ ၁၀ ကို မကျော်သင့်ပါ။ စုစည်းအနံ့ သို့မဟုတ် ပျံ့လွင့်အနံ့ ထုတ်လွှတ်မှုရှိသော သို့မဟုတ် အနံ့ပေါင်းစုံ ထွက်ရှိနေသော လုပ်ငန်းစီမံကိန်းများအနေဖြင့် အနံ့ သက်ရောက်မှုဆန်းစစ်ခြင်း (Odor Impact Assessement) ကို လုပ်ဆောင်၍ မြေပေါ်တွင် ရှိသင့်သည့် အမြင့်ဆုံး သိပ်သည်း ပါရှိမှုပမာဏ (Ground-level Maximum Concentration) ကို စိစစ်သတ်မှတ်သင့်သည်။ ယင်းသို့ သတ်မှတ်ရာတွင် လူနေထူထပ်သော နေရာနှင့် နီးကပ်မှု စသော အချက်များကို ထည့်သွင်း တွက်ချက်သင့်သည်။

## ၂ လုပ်ငန်းကဏ္ဍအလိုက် လမ်းညွှန်ချက်များ (Industrial-specific Guidelines)

### ၂.၁ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု (Energy Sector Development)

#### ၂.၁.၁ အပူငွေ့သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း (Thermal Power)[2]

High Heating Value Basis အရ ၅၀ မဂ္ဂါဝပ် အထက်ရှိသော စုစုပေါင်းအပူပေးသွင်းမှု ပမာဏနှုန်း (A Total Rated Heat Input Capacity above 50 Megawatt Thermal Input) ဖြင့် အငွေ့၊ အရည်၊ အစိုင်အခဲနှင့် ဇီဝလောင်စာများကို အသုံးပြု၍သော်လည်းကောင်း၊ လျှပ်စစ် သို့မဟုတ် စက်စွမ်းအား၊ ရေနွေးငွေ့၊ အပူ သို့မဟုတ် ယင်းတို့ပေါင်းစပ်ထွက်ရှိလာသော စွမ်းအားကို အသုံးပြု၍သော်လည်းကောင်း ဖြစ်ပေါ်လာသော လောင်ကျွမ်းမှုဖြစ်စဉ်များအတွက် ဤလမ်းညွှန် ချက်များကို လိုက်နာရမည်။ ဤတွင် စာပိုဒ် (၂.၄.၁) - အစိုင်အခဲ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုလုပ်ငန်း (Solid Waste Management Facilities) ပါလမ်းညွှန်ချက်များ အောက်တွင် ပါရှိသော အစိုင်အခဲ စွန့်ပစ်ပစ္စည်းမှလွဲ၍ မည်သည့်လောင်စာ အမျိုးအစားဖြစ်စေ အကျုံးဝင်သည်။ လုပ်ကိုင်ဆောင်ရွက်ဆဲ စက်မှုလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းအသစ်များရှိ ဘွိုင်လာများ၊ ပစ္စတင်အင်ဂျင်နှင့် ဓာတ်ငွေ့ တာဘိုင်များအတွက် အသုံးပြုနိုင်သည်။ ဤလုပ်ငန်းကဏ္ဍအတွက် စွန့်ထုတ်အရည်နှင့် ထုတ်လွှတ် အခိုးအငွေ့ အဆင့်သတ်မှတ်ချက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

**စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များ (Effluent Levels)**

| Parameter | Unit | Guideline Value |
|---|---|---|
| Arsenic | mg/l | 0.5 |
| Cadmium | mg/l | 0.1 |

two odorant units and as high as ten odorant units for less offensive odors. An odor assessment criteria of five to ten odorant units is likely to represent the level below which offensive odors should not occur.

[2] Environmental, health, and safety guidelines for thermal power. 2007. International Finance Corporation, World Bank Group.

| | | |
|---|---|---|
| Chromium (total) | mg/l | 0.5 |
| Copper | mg/l | 0.5 |
| Iron | mg/l | 1 |
| Lead | mg/l | 0.5 |
| Mercury | mg/l | 0.005 |
| Oil and grease | mg/l | 10 |
| pH | S.U.[a] | 6-9 |
| Temperature increase | °C | <3[b] |
| Total residual chlorine | mg/l | 0.2 |
| Total suspended solids | mg/l | 50 |
| Zinc | mg/l | 1 |

[a] Standard unit

[b] Increase above ambient water temperature due to discharge of once-through cooling water

**ထုတ်လွှတ်အခိုးအငွေ့အဆင့်သတ်မှတ်ချက်များ (မပျက်စီးသော လေထုတွင်သာ အသုံးပြုနိုင်သည်) (Air Emission Levels - applicable to non-degraded air sheds)**

| **Combustion Technology / Fuel** | **Parameter / Guideline Values** | | |
|---|---|---|---|
| | **Particulate matter $PM_{10}$[a]** | **Sulfur dioxide** | **Nitrogen oxides** |
| Combustion turbine | | | |
| Fuels other than natural gas (unit > 50 MW[c]) | 50 $mg/Nm^3$[b] | Use of ≤ 1% Sulfur fuel | 310 $mg/Nm^3$ |
| Natural gas (all turbine types; unit > 50 MW) | - | - | 100 $mg/Nm^3$ |
| Boiler | | | |
| Liquid fuels (plant > 600 MW) | 50 $mg/Nm^3$ | 200 $mg/Nm^3$ | 400 $mg/Nm^3$ |
| Liquid fuels (plant 50-600 MW) | 50 $mg/Nm^3$ | 900 $mg/Nm^3$ | 400 $mg/Nm^3$ |

| | | | |
|---|---|---|---|
| Natural gas | - | - | 240 mg/Nm$^3$ |
| Other gaseous fuels | 50 mg/Nm$^3$ | 400 mg/Nm$^3$ | 240 mg/Nm$^3$ |
| Solid fuels (plant > 600 MW) | 50 mg/Nm$^3$ | 200 mg/Nm$^3$ | 510 mg/Nm$^3$ |
| Solid fuels (plant 50-600 MW) | 50 mg/Nm$^3$ | 900 mg/Nm$^3$ | 510 mg/Nm$^3$ |
| Reciprocating engine | | | |
| Biofuels / gaseous fuels other than natural gas | 50 mg/Nm$^3$ | - | 30% higher than for other fuels |
| Liquid fuels (plant > 300 MW) | 50 mg/Nm$^3$ | 585 mg/Nm$^3$ | 740 mg/Nm$^3$ |
| Liquid fuels (plant 50-300 MW) | 50 mg/Nm$^3$ | 1,170 mg/Nm$^3$ | 1,460 mg/Nm$^3$ |
| Natural gas | - | - | 200 mg/Nm$^3$ |

[a] Particulate matter 10 micrometers or less in diameter
[b] Milligrams per normal cubic meter at specified temperature and pressure
[c] Megawatt

### ၂.၁.၂ ဘူမိအပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း (Geothermal Power)[၈,၉]

ဤလမ်းညွှန်ချက်များကို ဘူမိအပူစွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများတွင် အသုံးပြုရမည်။ ဘူမိအပူဆိုင်ရာစွန့်ထုတ်အရည်များ (Geothermal Effluents) တွင် ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှုကို ဖြစ်ပေါ်လာစေနိုင်သောအရာများသည် မူလဘူမိသွင်ပြင်ဖွဲ့စည်းမှု (Host Geological Formation) ၏ တွင်းထွက်ဓာတ်သတ္တုအခြေအနေ၊ ဘူမိအပူစွမ်းအင်ဖြင့် အပူဓာတ်ရရှိနေသော မြေအောက်ရေ၏

[၈] Environmental, health, and safety guidelines for geothermal power generation. 2007. International Finance Corporation, World Bank Group.

[၉] Air quality guidelines for Europe. 2000. Second edition. WHO regional publication, European series No. 91. World Health Organization.

အပူချိန် (Temperature of the Geothermal Water) နှင့် နေရာဒေသအလိုက် မတူကွဲပြားသော ဘူမိစွမ်းအင်အသုံးပြုသည့်လုပ်ငန်းစဉ်များအပေါ် မူတည်၍ ပြောင်းလဲနိုင်သည်။ အသုံးပြုပြီးသော ဘူမိအပူဆိုင်ရာ အရည်များ (Geothermal Fluids) ကို ပုံမှန်အားဖြင့် မူလကျောက်သား ကျောက်လွှာများဆီသို့ ပြန်လည်ဖြည့်သွင်းခြင်းအားဖြင့် စွန့်ပစ်ရေပမာဏ လျော့နည်းသွားမည် ဖြစ်သည်။ အသုံးပြုပြီးသော ဘူမိအပူဆိုင်ရာ အရည်များအား ပြန်လည်ဖြည့်သွင်းခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်မှု မပြုပါက ထွက်ရှိလာသော စွန့်ပစ်ရေတွင် သတ္တုလေး (Heavy Metal) သိပ်သည်း ပါဝင်မှုပမာဏ မြင့်မားမည်ဖြစ်သဖြင့် အောက်ဖော်ပြပါ စွန့်ထုတ်အရည်အဆင့် သတ်မှတ်ချက်များ (Effluent Levels) ရရှိစေရေး လိုက်နာဆောင်ရွက်ရမည်-

**စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များ (Effluent Levels)**

| Parameter | Unit | Guideline Value |
|---|---|---|
| Arsenic | mg/l | 0.1 |
| Cadmium | mg/l | 0.05 |
| Chemical oxygen demand | mg/l | 150 |
| Chromium (hexavalent) | mg/l | 0.1 |
| Copper | mg/l | 0.3 |
| Cyanide | mg/l | 1 |
| Cyanide (free) | mg/l | 0.1 |
| Cyanide (weak acid dissociable) | mg/l | 0.5 |
| Iron (total) | mg/l | 2 |
| Lead | mg/l | 0.2 |
| Mercury | mg/l | 0.002 |
| Nickel | mg/l | 0.5 |
| pH | S.U.[a] | 6-9 |
| Temperature | °C | <3 degree differential |
| Total suspended solids | mg/l | 50 |
| Zinc | mg/l | 0.5 |

[a] Standard unit

ငွေ့ရည်ဖွဲ့ခြင်းဖြစ်စဉ်တွင် ရေနွေးငွေ့ကို ရေအေးဖြင့် တိုက်ရိုက်ထိတွေ့စေပါက အအေးခံစင်မြင့် (Cooling Tower) မှ တစ်စုတစ်ဝေးတည်း ထုတ်လွှတ်မှု (Fugitive Emissions) အဖြစ် ဟိုက်ဒရိုဂျင်ဆာလ်ဖိုက်ဒ်၊ မာကျူရီအခိုးအငွေ့နှင့် ဆာလ်ဖာဒိုင်အောက်ဆိုဒ်များ လေထုအတွင်းသို့ အနည်းငယ်ထုတ်လွှတ်ခြင်းကို ဖြစ်ပေါ်စေနိုင်သည်။ လုပ်ငန်းတည်ဆောက်ချိန်နှင့် လုပ်ငန်းလည်ပတ်နေစဉ်ကာလအတွင်း ဘူမိအပူစွမ်းအင်လုပ်ငန်းစီမံကိန်းများ (Geothermal Energy Projects) သည် ပုံမှန်အားဖြင့် သိသာသော စွန့်မှတ် ထုတ်လွှတ်အခိုးအငွေ့များ (Point Source Emissions) ကို မဖြစ်ပေါ်စေသော်လည်း ဟိုက်ဒရိုဂျင် ဆာလဖိုက်ဒ်နှင့် အခြားထုတ်လွှတ်အခိုးအငွေ့အမျိုးအစားများသည် အောက်ဖော်ပြပါ ပတ်ဝန်းကျင် လေအရည်အသွေးအဆင့်သတ်မှတ်ချက်များထက် ပိုလွန်မနေစေရပါ-

**ပတ်ဝန်းကျင်လေအရည်အသွေးအဆင့် သတ်မှတ်ချက်များ (Ambient Air Quality)**

| Parameter | Unit | Guideline Value |
|---|---|---|
| Hydrogen sulfide | µg/$m^3$ | 7[a] |
| Inorganic mercury vapor | µg/$m^3$ | 1[b] |
| Sulfur dioxide | µg/$m^3$ | 500[c] |

[a] Average over 30 minute period; [b] Annual average; [c] Average over 10 minute period

## ၂.၁.၃ လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း (Wind Power)[၁၀]

ကုန်းတွင်းနှင့် ကမ်းလွန် လေစွမ်းအင်ထုတ်လုပ်သည့်လုပ်ငန်းများတွင် ဤ လမ်းညွှန်ချက်ကို လိုက်နာရမည်။ လေစွမ်းအင်ထုတ်လုပ်သည့် လုပ်ငန်းများသည် ပုံမှန်အားဖြင့် စွန့်ပစ်ရေနှင့် အခိုးအငွေ့ထုတ်လွှတ်ခြင်း ဖြစ်စဉ်များကို မဖြစ်ပေါ်စေပါ။ အောက်ဖော်ပြပါ စွန့်ထုတ်အရည်အဆင့် သတ်မှတ်ချက်များ ရရှိရန် လိုအပ်သောကြောင့် မည်သည့်စွန့်ပစ်ရေစွန့်ထုတ်မှုများတွင်မဆို စွန့်ပစ်ရေများကို သန့်စင်မှု ပြုလုပ်ရမည်-

**စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များ (Effluent Levels)**

| Parameter | Unit | Maximum Concentration |
|---|---|---|
| Biological oxygen demand | mg/l | 30 |
| Chemical oxygen demand | mg/l | 125 |

[၁၀] Environmental, health, and safety guidelines for wind energy. 2007. International Finance Corporation, World Bank Group.

| | | |
|---|---|---|
| Oil and grease | mg/l | 10 |
| pH | S.U.[a] | 6-9 |
| Total coliform bacteria | 100 ml | 400 |
| Total nitrogen | mg/l | 10 |
| Total phosphorus | mg/l | 2 |
| Total suspended solids | mg/l | 50 |

[a] Standard unit

ထို့အပြင် အထွေထွေလမ်းညွှန်ချက်ပါ စာပိုဒ် (၁.၃) - ဆူညံသံဆိုင်ရာ အဆင့်သတ်မှတ်ချက်များကိုလည်း လိုက်နာကျင့်သုံးရမည်။

### ၂.၁.၄ ကုန်းတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်းလုပ်ငန်း (Onshore Oil and Gas)[၁၁]

တုန်ခါမှုဖြင့် စမ်းသပ်ခြင်း (Seismic Exploration)၊ စမ်းသပ်တူးဖော်ထုတ်လုပ်ခြင်း (Exploratory and Production Drilling)၊ တူးဖော်ထုတ်လုပ်ခြင်း၊ ပိုက်လိုင်းသွယ်တန်းခြင်း အပါအဝင် သယ်ယူပို့ဆောင်ခြင်းနှင့် အခြားလုပ်ငန်းများ (ဆိုလိုသည်မှာ Pump Station၊ Metering Stations၊ Pigging Stations၊ Compressors Stations၊ Storage Facility)၊ ထောက်ပံ့ရေးလုပ်ငန်း (Ancillary Support Operation) နှင့် လုပ်ငန်းပိတ်သိမ်းခြင်းလုပ်ငန်း (Decommissioning) တို့တွင် ဤလမ်းညွှန်ချက်များကို လိုက်နာရမည်။ ဤလုပ်ငန်းကဏ္ဍအတွက် ထုတ်လွှတ်အခိုးအငွေ့၊ စွန့်ထုတ်အရည်နှင့် စွန့်ပစ်ပစ္စည်း အဆင့်သတ်မှတ်ချက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

**စွန့်ထုတ်အရည်၊ စွန့်ပစ်ပစ္စည်းနှင့် ထုတ်လွှတ်အခိုးအငွေ့ အဆင့်သတ်မှတ်ချက်များ (Effluent, Waste and Emission Levels)**

| Parameter | Guideline |
|---|---|
| Drilling fluids and cuttings | Treatment and disposal in accordance with applicable standards provided in the IFC EHS Onshore Oil and Gas Development guideline |
| Produced sand | Treatment and disposal in accordance with applicable standards provided in the IFC EHS |

[၁၁] Environmental, health, and safety guidelines for onshore oil and gas development. 2007. International Finance Corporation, World Bank Group.

| | |
|---|---|
| | Onshore Oil and Gas Development guideline |
| Produced water | Treatment and disposal in accordance with applicable standards provided in the IFC EHS Onshore Oil and Gas Development guideline<br><br>For discharge to surface waters or to land:<br>- 5-day Biochemical oxygen demand 25 mg/l<br>- Chemical oxygen demand 125 mg/l<br>- Chlorides 600 mg/l (average), 1,200 mg/l maximum<br>- Heavy metals (total)[a] 5 mg/l<br>- pH 6-9[b]<br>- Phenols 0.5 mg/l<br>- Sulfides 1 mg/l<br>- Total hydrocarbon content 10 mg/l<br>- Total suspended solids 35 mg/l |
| Hydrotest water | Treatment and disposal in accordance with applicable standards provided in the IFC EHS Onshore Oil and Gas Development guideline<br><br>For discharge to surface waters or to land:<br>- 5-day Biochemical oxygen demand 25 mg/l<br>- Chemical oxygen demand 125 mg/l<br>- Chlorides 600 mg/l (average), 1,200 mg/l maximum<br>- Heavy metals (total) 5 mg/l<br>- pH 6-9<br>- Phenols 0.5 mg/l<br>- Sulfides 1 mg/l<br>- Total hydrocarbon content 10 mg/l<br>- Total suspended solids 35 mg/l |

| | |
|---|---|
| Completion and well work-over fluids | Treatment and disposal in accordance with applicable standards provided in the IFC EHS Onshore Oil and Gas Development guideline<br>For discharge to surface waters or to land:<br>- pH 6-9<br>- Total hydrocarbon content 10 mg/l |
| Storm water drainage | Storm water runoff should be treated through an oil / water separation system able to achieve oil and grease concentration of 10 mg/l |
| Cooling water | The effluent should result in a temperature increase of no more than 3°C at edge of the zone where initial mixing and dilution take place; where the zone is not defined, use 100 meters from point of discharge |
| Sewage | Holding and discharge to municipal or centralized wastewater treatment systems or onboard treatment to achieve:<br>- 5-day Biochemical oxygen demand 30 mg/l<br>- Chemical oxygen demand 125 mg/l<br>- Oil and grease 10 mg/l<br>- pH 6-9<br>- Total coliform bacteria 400/100 ml<br>- Total nitrogen 10 mg/l<br>- Total phosphorus 2 mg/l<br>- Total suspended solids 50 mg/l |

| | |
|---|---|
| Air emissions | Achieve WHO ambient air quality guidelines, and apply the following guideline value to emissions:<br>- Hydrogen sulfide 5 mg/Nm[3c] |

[a] Heavy metals include: Arsenic, Cadmium, Chromium, Copper, Lead, Mercury, Nickel, Silver, Vanadium and Zinc

[b] Standard unit

[c] Milligrams per normal cubic meter at specified temperature and pressure

ပင်လယ်ကမ်းရိုးတန်း အနီးတွင် တည်ရှိသော ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းများ (ဥပမာအားဖြင့် Coastal Terminals ၊ Marine Supply Bases ၊ Loading and Offloading Terminals) အတွက် စာပိုဒ် (၂.၆.၂) - သင်္ဘောဆိပ်၊ ဆိပ်ကမ်းနှင့် ဆိပ်ခံတံတား တည်ဆောက်ခြင်း (Ports, Harbors and Terminals) ပါ လမ်းညွှန်ချက်များကိုလည်း လိုက်နာရမည်။

## ၂.၁.၅ ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ခြင်းလုပ်ငန်း (Offshore Oil and Gas)[၁၂]

တုန်ခါမှုဖြင့် စမ်းသပ်ခြင်း၊ စမ်းသပ်တူးဖော်ထုတ်လုပ်ခြင်း၊ တူးဖော်ထုတ်လုပ်ခြင်း၊ ကမ်းလွန်ပိုက်လိုင်းသွယ်တန်းခြင်း၊ သင်္ဘောဖြင့်သယ်ယူပို့ဆောင်ခြင်း (Offshore Transpotation)၊ ရေနံတင်သင်္ဘော ကုန်တင်ကုန်ချခြင်း (Tanker Loading and Unloading)၊ ထောက်ပံ့ရေး လုပ်ငန်းနှင့်လုပ်ငန်းပိတ်သိမ်းခြင်းလုပ်ငန်းတို့တွင် ဤလမ်းညွှန်ချက်များကို လိုက်နာရမည်။ ကမ်းလွန် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကြောင့် ဖြစ်ပေါ်နိုင်ခြေရှိသည့် ကုန်းတွင်းပိုင်းအကျိုးသက်ရောက်မှုများ အတွက်လည်း ဤလမ်းညွှန်ချက်များကို လိုက်နာရမည်။ ကမ်းလွန်နေရာများ (ဆိုလိုသည်မှာ ကမ်းခြေမှ ရေမိုင် ၁၂ မိုင်ထက် ကျော်လွန်သော နေရာများ) တွင် စွန့်ထုတ်ခြင်းများအတွက် ဤလမ်းညွှန်ချက်များကို လိုက်နာရမည်။ ကမ်းနီးရေတိမ် ဒေသများ (Near-shore Waters) တွင် စွန့်ထုတ်သည့် ရေအရည်အသွေးကို ပတ်ဝန်းကျင်ဆိုင်ရာ တုံ့ပြန်နိုင်မှုနှင့် ရေထု၏ လက်ခံနိုင်မှု စွမ်းရည်တို့ကို ထည့်သွင်းစဉ်းစားပြီး ဖြစ်ရပ်တစ်ခုချင်းအပေါ် အခြေခံ၍ သတ်မှတ်ရမည်။ ဤလုပ်ငန်းကဏ္ဍအတွက် စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

[၁၂] Environmental, health, and safety guidelines for offshore oil and gas development. 2007. International Finance Corporation, World Bank Group.

စွန့်ထုတ်အရည်နှင့်စွန့်ပစ်ပစ္စည်းအဆင့်သတ်မှတ်ချက်များ (Effluent and Waste Levels)

| Parameter | Guideline |
|---|---|
| Drilling fluids and cuttings (non-aqueous drilling fluid) | Non-aqueous drilling fluid, re-inject or ship-to-shore; no discharge to sea<br>Drilled cuttings, re-inject or ship-to-shore; no discharge except:<br>- Oil concentration lower than 1% by weight on dry cuttings<br>- Mercury maximum 1 mg/kg dry weight in stock barite<br>- Cadmium maximum 3 mg/kg dry weight in stock barite<br>- Discharge via a caisson at least 15 meters below sea surface |
| Drilling fluids and cuttings (water-based drilling fluid) | - Water-based drilling fluid, re-inject or ship-to-shore; no discharge to sea<br>Water-based drilling fluids and cuttings, re-inject or ship-to-shore; no discharge to sea except:<br>- Mercury 1 mg/kg dry weight in stock barite<br>- Cadmium 3 mg/kg dry weight in stock barite<br>- Maximum chloride concentration must be less that four time's ambient concentration of fresh or brackish receiving water<br>- Discharge via a caisson at least 15 meters below sea surface |
| Produced water | Re-inject, discharge to sea maximum one day oil and grease discharge should not exceed 42 mg/l; 30 day average should not exceed 29 mg/l |

| | |
|---|---|
| Completion and well work-over fluids | Ship-to-shore or re-inject, no discharge to sea except:<br>- Maximum one day oil and grease discharge should not exceed 42 mg/l; 30 day average should not exceed 29 mg/l<br>- Neutralize to attain a pH of 5[a] or more |
| Produced sand | Ship-to-shore or re-inject, no discharge to sea except when oil concentration lower than 1% by weight on dry sand |
| Hydrotest water | - Send to shore for treatment and disposal<br>- Discharge offshore following environmental risk analysis, careful selection of chemicals<br>- Reduce use of chemicals |
| Cooling water | The effluent should result in a temperature increase of no more than 3°C at edge of the zone where initial mixing and dilution take place; where the zone is not defined, use 100 meters from point of discharge |
| Desalination brine | Mix with other discharge waste streams if feasible[b] |
| Sewage | Compliance with MARPOL 73/78[b] |
| Food waste | Compliance with MARPOL 73/78[b] |
| Storage displacement water | Compliance with MARPOL 73/78[b] |
| Bilgewater | Compliance with MARPOL 73/78[b] |
| Deck drainage | Compliance with MARPOL 73/78[b] |

[a] Standard unit

